ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၇ ၊ အမှတ် ၁ | ၂၀၂၁ ခုနှစ် ၊ ဒီဇင်ဘာလ ၁ ရက်

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၏ (၁၀-၁၁-၂၀၂၁) ရက်နေ့မှ (၁၃-၁၁-၂၀၂၁) ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးကြပ်မတ်သည့် ခရီးစဉ်





၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ (၁၃:၁၅) နာရီအချိန် အကောက်ခွန်ဦးစီးဌာန အစည်းအဝေးခန်းမ (၁)တွင် ပြုလုပ်သော လုပ်ငန်းဆောင်ရွက်မှုအခြေအနေ များရှင်းလင်းဆွေးနွေးပွဲ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ ကိုဗစ်ကြောင့် စီးပွားရေး ထိခိုက်မှုအပေါ် ပြန်လည်ဦးမော့လာစေရေး အတွက် ဦးစီးဌာနနှင့်သက်ဆိုင်သည့် နယ်ပယ်များအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန် ၊ဦးစီး ဌာန၏ ရည်မှန်းချက်တာဝန်များအပေါ်အောင်မြင်အောင်

ကြိုးပမ်းဆောင်ရွက်သွားရန် ၊ နိုင်ငံရေးဖြစ်စဉ်များကြောင့် ဝန်ထမ်းအင်အားများ လျော့နည်းသွားသော်လည်း ဦးစီးဌာန၏ လုပ်ငန်းများ (Function) အရှိန်အဟုန်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်ရန် ၊ ဝန်ထမ်းများအားလုံး ပါတီနိုင်ငံရေးကင်းရှင်းစေရန် ၊ ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အား နည်းပါးသဖြင့် လိုအပ်သောဝန်ထမ်းငယ်များ ဖြည့်တင်းနိုင်ရေး ဦးစားပေးဆောင်ရွက်ရန် ၊ အခွန်အကောက်ရငွေများ တိုးတက်ရရှိရေး ကြိုးစားဆောင်ရွက်ရန် ၊ လုပ်ငန်းများ အချိန်မီ ပြီးစီးစေရေးအတွက် ဝန်ထမ်းများအား တာဝန်ပေးရာတွင် မျှတမှုရှိစေရန်နှင့် မှန်ကန်သော စီမံခန့်ခွဲမှုဖြင့် ဌာနအကြီးအကဲများမှ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်၊ ရုံးချုပ်နှင့် နယ်မြေရုံးများကို ဆက်သွယ်မှုကို ကောင်းမွန်အောင်ပြုလုပ်၍ အချိန်နှင့် တပြေးညီ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရန် ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီမှ တောင်းခံသော စာရင်းဇယားများ မှန်ကန်စေရန်နှင့် အချိန်မီ ပေးပို့တင်ပြနိုင်ရေး ဆောင်ရွက်ပေးရန် ၊ ဝန်ထမ်းများသည် ပေးအပ်သည့် တာဝန်ဝတ္တရားများ များပြားလာပါက စိတ်ဖိစီးမှုများ ဖြစ်ပွား၍ စိတ်ဓါတ်ကျနိုင်သဖြင့် ပေးအပ်ထားသည့် တာဝန်များအပေါ် ခွဲခြမ်းစိတ်ဖြာပြီး သင့်တင့်သော တာဝန်များသာ ပေးအပ်ရန် ၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအား ဦးစားပေးဆောင်ရွက်ပေးရန် ၊ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရာ၌ အနာဂတ်တွင် ဖြစ်ပေါ်လာမည့်နောက်ဆက်တွဲများကို ကြိုတင်မျှော်တွေး၍ ဆောင်ရွက်ရန်၊ MACCS စနစ်သည် နိုင်ငံတော်အတွက် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်သဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ရန် ၊ MACCS စနစ်အပါအဝင် အခြားသော ICT System များ အတွက် Maintenance စာချုပ်များသက်တမ်းတိုးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍ အောက်ခြေတွင်ညှိနှိုင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးရုံးသို့ ပြန်လည်တင်ပြနိုင်ရေး လမ်းညွှန်မှာကြားခဲ့ပါသည်။



## Virtual စနစ်ဖြင့် ကျင်းပခဲ့သည့် (၃၅) ကြိမ်မြောက် အာဆီယံအကောက်ခွန်ဆိုင်ရာ ညှိနှိုင်းကော်မတီ အစည်းအဝေး (35th Meeting of the Coordinating Committee on Customs—35th CCC Meeting) တက်ရောက်ခြင်း

၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၃ရက်နေ့မှ ၂၅ရက်နေ့ ထိ COVID-19 ရောဂါကပ်ဘေးကြောင့် Video Conferencing စနစ်ဖြင့်ပြုလုပ်ခဲ့သော 35th CCC Meeting ကို ညွှန်ကြားရေးမှူး (နိုင်ငံတကာ) မှ ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူး(၅)ဦး ၊လက်ထောက်ညွှန်ကြားရေးမှူး (၁) ဦးနှင့် အကောက်ခွန်မှူး (၁) ဦး တို့မှ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးကျင်းပရသည့် ရည်ရွယ်ချက်မှာ ဒေသတွင်းအဆင့်၌ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် အာဆီယံအကောက်ခွန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းဆောင်ရွက်ချက်များ ညှိနှိုင်းတိုးမြှင့်လုပ်ဆောင်ရန် ၊ နိုင်ငံတော်အဆင့်၌ ဒေသတွင်းအစီအစဉ်များနှင့် လှုပ်ရှားဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် ၊ အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးတွင် ထိရောက်သော ဆုံးဖြတ်ချက်များ ပေါ်ထွက်လာစေရေး အထောက်အကူပြုဆောင်ရွက်ရန် ၊ အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်နှင့် အာဆီယံမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်




အစည်းအဝေးတွင် အာဆီယံအကောက်ခွန်ပေါင်းစည်းရေးအောက်ရှိ အကောက်ခွန်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဗဟာဗျူဟာစီမံချက် (Strategic Plans for Customs Development –SPCD) (၁၅) ရပ်ဆိုင်ရာ ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကိစ္စရပ်များအား စီမံကိန်းများ ချမှတ်ကာ ဆောင်ရွက်ရှိပါကြောင်း ၊ မြန်မာနိုင်ငံသည်လည်း အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ နည်းတူ SPCD များအား Timeline များနှင့်အညီ လိုက်ပါဆောင်ရွက်လျက်ရှိပါကြောင်း ၊ ထို့အပြင် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်၏ TOR ပြင်ဆင်ချက်များအားအတည်ပြုခြင်း ၊ လျှို့ဝှက်အဆင့်ဖြင့်ထားရှိရမည့် အကောက်ခွန်ဆိုင်ရာစာရွက်စာတမ်းများနှင့် အချက်အလက်များ မျှဝေရေးနှင့်

စပ်လျဉ်းသည့် Current Practice အပေါ် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပေးပို့လာသည့် သဘောထားမှတ်ချက်များအား ပြန်လည်ပြင်ဆင်အတည်ပြုခြင်း ၊ ပါကစ္စတန်နိုင်ငံမှ အာဆီယံနှင့် ပါကစ္စတန်တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်အကူအညီပေးရေးစာချုပ်နှင့် အီလက်ထရောနစ်အချက်အလက်လဲလှယ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ ချုပ်ဆိုရေး အဆိုပြုလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ အာဆီယံအတွင်းရေးမှူးချုပ်မှ ပါကစ္စတန်နိုင်ငံသို့ ပြန်ကြားမည့်စာအပေါ် အတည်ပြုခြင်း ၊ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီလအတွင်း ကျင်းပမည့် အာဆီယံအကောက်ခွန်ဆိုင်ရာ အစည်းအဝေးများ၏ နေရာနှင့်နေရက်များကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် 2nd TRS အား AEM Mandate နှင့်အညီ ဖြစ်စေရေး ၂၀၂၁ ခုနှစ် ၊ ဒီဇင်ဘာလတွင် အပြီးသတ်ဆောင်ရွက်ခြင်း ၊ ACTS Full Live  Operation စတင်နိုင်ရေး ဆောင်ရွက်ခြင်း ၊ ASEAN AEO MRA တွင် အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ခြင်း စသည်တို့အား အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ နည်းတူအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အချိန်မီဆောင်ရွက်နိုင်ရေး အကြံပြုတိုက်တွန်းခဲ့ပါသည်။











# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၇၁၅.၇၄၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ(၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၀၇) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၇၁၅.၇၄၆) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု



(၁.၁၁.၂၀၂၁) ရက်နေ့၌ မြန်မာ့စာတိုက်လုပ်ငန်း၊ စာတိုက်အကောက်ခွန်လုပ်ငန်းစု မှ တရုတ်နိုင်ငံမှရောက်ရှိလာသော (ARP-275, ARP-278) တို့အား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ BOPUQING (6000 IU=0.6ML) (1x5)=1 Box Low Molecular weight heparin calcium Injection (320)Boxs နှင့် BOPUQING (4000 IU=0.4ML)(1x5)=1 Box (Low molecular weight heparin calcium Injection(400)Boxs. ခန့်မှန်းတန်ဖိုးကျပ် (၇,၂၀၀,၀၀၀/-) တို့မှာ စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်အတွက် တားဆီးခဲ့သော အမှုဖြစ်ပါသည်။

တရုတ်နိုင်ငံမှ ရန်ကုန်လေဆိပ် ကုန်လှောင်ရုံသို့ Flight No. MH 740 (15.8.2021) ရက်နေ့တွင် ရောက်ရှိခဲ့သော East Boy Engineering Co.,Ltd မှ ID No. 100180424151 (16.8.2021) ဖြင့် တင်သွင်းလာသည့် One Step Test for Novel Coronavirus (2019-noov) 1gm Anti Body များအား တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ အဆိုပါပစ္စည်းများသည် FDA ထောက်ခံချက်မရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကုမ္ပဏီမှ စွန့်လွှတ်ကြောင်း လျှောက်ထားလာခဲ့ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးခဲ့သော အမှုဖြစ်ပါသည်။



# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ နို၀င်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၇၁၅.၇၄၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု

(၁.၁၁.၂၀၂၁)ရက်နေ့တွင်(၁၆)မိုင် ကျောက်ချော စစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်အဖွဲ့နှင့် မူးယစ်အထူးတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မန္တလေးဘက်မှလားရှိုးဘက်သို့မောင်းနှင်လာသော(၁၂)ဘီး ယာဉ်(၄)စီးအား စစ်ဆေးခဲ့ရာ အရက်ဆီပါမစ်ဖြင့် သယ်ဆောင်လာသော စုစုပေါင်းအရက်ဆီပေပါ အလုံး (၂၀၀) နှင့်အတူ ရောနှောသယ်ဆောင်လာသော Toluene ဟု ယူဆရသော အရောင်မဲ့အရည် စုစုပေါင်းအလုံး (၁၄၀) ၊ (၂၂၄၀၀) Liter စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် (၃၁၃.၆) သန်းခန့်အားစစ်ဆေးတွေ့ရှိခဲ့သဖြင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ အမှုတွဲများဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၇၁၅.၇၄၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြား ဖမ်းဆီး/တားဆီးမှု









ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၀၂၁) ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ကင်းလှည့်တာဝန်ကျဝန်ထမ်းများ နှင့် ပူးပေါင်းအဖွဲ့ဝင်များပါဝင်သော ကင်းလှည့်စစ်ဆေးရေးအဖွဲ့သည် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းအနီးရှိ ရှောင်ကွင်းလမ်းများအား ရှောင်တခင် လိုက်လံစစ်ဆေးစဉ် သိန္နီမြို့နယ် ရေပူကျေးရွာအနီးရှိ ပိန်းဆာရပ်ရှောင်ကွင်းလမ်းတစ်နေရာ၌ ဖုံးအုပ်သိုဝှက်စုပုံထားသော ပိုးသတ်ဆေးထုပ် (13) Pkgs နှင့် တရုတ်စာတမ်းပါဆေးဘူး (၄၅၀) ဘူး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၈၄, ၀၀၀/-) နှင့် တရုတ်စာတမ်းပါ ဓါတ်မြေသြဇာ (12) Bags စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၄၀,၀၀၀/-) တို့အားပိုင်ရှင်မဲ့ စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဖမ်းဆီးခဲ့သော အမှုဖြစ်ပါသည်။





# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၇၁၅.၇၄၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြား ဖမ်းဆီး/တားဆီးမှု




ထူးခြားဖမ်းဆီး/တားဆီးမှု အနေဖြင့် (၂၀၂၁) ခုနှစ် နိုဝင်ဘာလ (၁၁) ရက်နေ့ (၁၇:၁၀)နာရီ အချိန်ခန့်တွင် ဘားအံမှ မန္တလေး သို့ မောင်းနှင်လာသော ရွှေပြည်ဦး Express ယာဉ်အား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း တာဝန်ကျ ပူးပေါင်းအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာယာဉ်ပေါ်တွင် ခရီးသည် ဝန်စည်များနှင့်ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Western Digital Hard Disk (1 TB) (60 U) ခန့်မှန်းတန်ဖိုး (၅,၄၀၀,၀၀၀/-) အား တွေ့ရှိရသဖြင့် တားဆီးခဲ့သော အမှုဖြစ်ပါသည်။



